**မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်**

**သတင်းထုတ်ပြန်ချက် အမှတ် (၄/၂၀၂၆)**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင်ရန်နှင့် ကာကွယ်ရန်တို့အတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၉ တို့အရ နိုင်ငံတော်သမ္မတရုံးသည် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် အမိန့်အမှတ် (၃၀/၂၀၂၆) ဖြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ပြန်လည်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

၂။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ကော်မရှင်ဥပဒေတွင် ပြဋ္ဌာန်းပေးအပ်ထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့်အညီ လုပ်ငန်းတာဝန်များကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ နိုင်ငံတော်သမ္မတသည် မြန်မာနှစ်သစ်မင်္ဂလာအခါသမယဖြစ်သော ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက် (၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်) နေ့တွင် ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်စေရန်အတွက်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှု၍လည်းကောင်း၊ နိုင်ငံတော်သမ္မတရုံး အမိန့်အမှတ် (၃၉/၂၀၂၆)၊ အမိန့်အမှတ် (၄၀/၂၀၂၆)၊ အမိန့်အမှတ် (၄၁/၂၀၂၆) နှင့် အမိန့်အမှတ် (၄၂/၂၀၂၆) တို့ဖြင့် အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/ သူများကို ယင်းတို့ ကျခံနေရသော ပြစ်ဒဏ်အသီးသီးမှ ပြစ်ဒဏ်လွတ်ငြိမ်း သက်သာခွင့်ပြုခြင်း၊ အကျဉ်းသား/သူ ၄၃၃၅ ဦးကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း၊ ပြစ်ဒဏ်ကျခံနေသည့် နိုင်ငံခြားသား အကျဉ်းသား/သူ ၁၇၉ ဦးတို့ကို ယင်းတို့ ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကို လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခြင်း၊ စည်းကမ်းသတ်မှတ်ချက်ဖြင့် ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်းတို့ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။

၄။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိသူများနှင့် ယင်းတို့၏ သက်ဆိုင်ရာ မိသားစုဝင်များနည်းတူ ဝမ်းမြောက်ပီတိ ဖြစ်ရပါကြောင်းနှင့် နိုင်ငံတော်၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆောင်ရွက်ချက်များသည် လူ့အခွင့်အရေးရှုထောင့်နှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးရှုထောင့်တို့အရ ကောင်းမွန်သည့် ရလဒ်များရရှိစေသည်ဖြစ်ရာ ကော်မရှင်အနေဖြင့် ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း သတင်း ထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်**

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်